The United Nations Global Compact
Rural Development
Export Promotion
Fertilizer
Rice Bran Oil
Agribusiness Sustainability
MAPCO
Modernization Biomass Collaboration
Farmers Innovation
MSME Development Edible Oil
Contract Farming
Renewable Energy
Export Logistics
Investment Rice Food
Parboiled Rice
Processing
AI Agri-tech
Warehouse
Infrastructure

MAPCO
AGRIBUSINESS

Myanmar Agribusiness Public Company Limited

# ANNUAL REPORT 2025

www.mapco.com.mm

MAPCO
AGRIBUSINESS



# ANNUAL REPORT-2025

## Myanmar Agribusiness Public Company Limited



# BRIEF REPORT TO SHAREHOLDERS AND PARTNERS

**Dear Shareholders and Partners,**

The past year has tested our resilience and strengthened our resolve. In spite of post-COVID pandemic disruptions, ongoing conflicts, and instabilities in Myanmar—combined with the devastating impact of Cyclone Yagi in August 2024 and the Mandalay Earthquake in March 2025—MAPCO has remained steadfast in its mission to transform Myanmar's agribusiness sector.

We delivered stability in our core operations, advanced strategic investments, and expanded our presence in value-added rice products and diversified exports. These achievements reflect not only our operational strength but also our unwavering commitment to innovation, sustainability, and responsible business practices.

**Key Highlights of the Year:**

- Operational Excellence: Rice milling, trading, and export operations maintained strong performance with enhanced quality standards.
- Market Diversification: Successful entry into Black Matpe (Black Bean) export markets, strengthening revenue streams and farmer engagement.

**Strategic Investments:**

- MRBO Naypyitaw Rice Bran Oil Project – 80% completion despite natural disasters; poised to redefine Myanmar's edible oil industry.
- MAPCO Myaung Mya Rice Mill – Construction completed ahead of schedule; commissioning in early 2026.
- Thilawa SEZ Plot 28 – Groundbreaking achieved for a modern agrifood logistics hub.
- Export Achievements: Delivered premium rice to Germany and other European countries meeting stringent EU quality standards and reinforcing MAPCO's global competitiveness.

Our financial performance remained stable, supported by efficiency gains and diversified revenue streams, including renewable energy initiatives. The Board has also driven a stronger focus on optimizing costs and expenditures, reducing borrowing costs, and switching to lower-interest financing options to strengthen our financial resilience.

We are committed to sustainable and climate-smart agriculture. MAPCO is moving towards renewable energy by using rice husks to generate electricity and installing solar panels at our rice mills and warehouses. Additionally, we are producing natural fertilizers, biochar, and vermicompost to help farmers maintain crop quality, soil health, and ensure food safety standards.

Looking ahead, we are focused on commissioning major projects, scaling exports to premium markets, and advancing digital agri-tech solutions. These initiatives will position MAPCO as a leading force in regional and global agribusiness.

On behalf of the Board, I express our sincere appreciation to our shareholders, partners, employees, and stakeholders for your unwavering trust and collaboration. Your confidence in MAPCO has been the cornerstone of our progress during a year of significant challenges and transformation. Together, we have not only safeguarded stability but also laid the foundation for sustainable growth, innovation, and global competitiveness. As we move forward, we remain committed to creating long-term value, strengthening farmer livelihoods, and positioning MAPCO as a leading force in Myanmar's agribusiness sector and beyond.

**Ye Min Aung**
Executive Chairman

# ဒါရိုက်တာအဖွဲ့၏ အစီရင်ခံတင်ပြစာ (အကျဉ်းချုပ်)

အစုရှယ်ယာရှင်များနှင့် မိတ်ဆွေများ ခင်ဗျား

၁။ ၂၀၂၅ ခုနှစ်သည် ကျွန်တော်တို့ကုမ္ပဏီ၏ ခံနိုင်ရည်ကို စမ်းသပ်ခဲ့သော နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး ကျွန်တော်တို့ MAPCO Group ၏ ခိုင်မာမှုကို တိုးတက်စေခဲ့သော နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ COVID -19 ကပ်ရောဂါနောက်ပိုင်း အပြောင်းအလဲများ၊ ဆက်လက်ရှိနေဆဲဖြစ်သော သဘာဝဘေးအန္တရာယ်များနှင့် စီးပွားရေးအခက်အခဲများ အပါအဝင် မြန်မာနိုင်ငံရှိ မတည်ငြိမ်မှုများ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ဖြစ်ပေါ်ခဲ့သော ရာဂီမုန်တိုင်းနှင့် ၂၀၂၅ ခုနှစ်၊ မတ်လတွင် မန္တလေးမြေငလျင်ကြီးတို့၏ ထိခိုက်ပျက်စီးမှုများ၊ အကျိုးသက်ရောက်မှုများရှိခဲ့သော်လည်း MAPCO Group သည် မြန်မာနိုင်ငံ၏ လယ်ယာစီးပွားရေးလုပ်ငန်းများကို ပြောင်းလဲတိုးတက်စေရန် ရည်မှန်းထားသည့်အတိုင်း ရပ်တည်ချက်မှန်ကန်စွာဖြင့် လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ MAPCO Group ၏ ပုံမှန်ဆောင်ရွက်နေသောလုပ်ငန်းများတွင် တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ခဲ့ပြီး ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်အောင် မြှင့်တင်နိုင်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်၊ သာယာဝတီ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာတို့တွင် အနာဂါတ်စီမံကိန်းများအတွက် မြေနေရာအသစ်များ၊ လုပ်ငန်းအသစ်များ ရှာဖွေတိုးချဲ့နိုင်ခဲ့ပါသည်။ တန်ဖိုးမြှင့် ဆန်၊ ဆန်ကွဲ ထုတ်ကုန်များကို ဥရောပနိုင်ငံများသို့ ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ခဲ့ပါသည်။ အခက်အခဲများရှိသော်လည်း တိုးတက်မှုအချို့ကို ဖော်ဆောင်နိုင်ခဲ့ပြီး၊ ရေရှည်အတွက်လိုအပ်သော ဝန်ထမ်းများအား လေ့ကျင့်ပြုစုပျိုးထောင်ရေး၊ ဆန်းသစ်တီထွင်မှု (innovation)၊ ရေရှည်တည်တံ့ခိုင်မြဲမှု (sustainability)နှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းစဉ်များ (Responsible Business) ဆီသို့ ဦးတည်ကြိုးပမ်းနေပါသည်။

၃။ တစ်နှစ်တာ၏ အဓိက ဆောင်ရွက်ချက်များ -

(က) လုပ်ငန်းလည်ပတ်မှု အထူးကောင်းမွန်စေရေးကို ရှေ့ရှု၍ ဆန်စက်လုပ်ငန်းများ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်တွင်းတွင်ရောင်းချဝယ်ယူခြင်းနှင့် ပို့ကုန်လုပ်ငန်းများအား အရည်အသွေးမြှင့်တင်ထားသောစံချိန်စံညွှန်းများဖြင့် ကောင်းမွန်သော စွမ်းဆောင်ရည်ကို ထိန်းသိမ်းထားရှိကာ လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း။

( ခ ) ဈေးကွက်သစ်များရှာဖွေခြင်း - မတ်ပဲ သီးနှံ ပို့ကုန်ဈေးကွက်များသို့ အောင်မြင်စွာ တင်ပို့နိုင်ခြင်း၊ ဝင်ငွေလမ်းကြောင်းများ အားကောင်းစေခြင်းနှင့် လယ်သမားများနှင့် ထိတွေ့ဆက်ဆံမှုကို အားကောင်းစေခြင်း။

၄။ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများ -

(က) **MRBO နေပြည်တော်ဖွဲ့နဆီနှင့် စားသုံးဆီစက်ရုံစီမံကိန်း** သဘာဝဘေးအန္တရယ် အခက်အခဲများကြားမှ ၈၀% ပြီးစီးအောင် ဆောင်ရွက်ပြီး၍ မြန်မာ့စားသုံးဆီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်။

( ခ ) **MAPCO (မြောင်းမြ) ဆန်စက်စီမံကိန်း** တည်ဆောက်ရေးလုပ်ငန်းသည် သတ်မှတ်ချိန်ကာလထက် စော၍ ပြီးစီးခဲ့ပြီး၊ ၂၀၂၆ ခုနှစ် အစောပိုင်းကာလတွင် လုပ်ငန်းများ စတင်လည်ပတ်နိုင်မည်ဖြစ်ပါသည်။

( ဂ ) **သီလဝါအထူးစီးပွားဇုန် အကွက်အမှတ်(၂၈)** လယ်ယာထွက်ကုန် သီးနှံ၊ ပို့ကုန်များအတွက် ထောက်ပံ့ပို့ဆောင်ရေးတွင် အဓိကကျသော ခေတ်မှီအပြည့်ပြည့်ဆိုင်ရာ ဘက်စုံသုံးဆိပ်ခံတံတား(၁)စင်းအား တည်ဆောက်ရေး အုတ်မြစ်ချ မင်္ဂလာအခမ်းအနားနှင့် ဒီဇိုင်း၊ ဆောက်လုပ်ရေးတို့ကို အောင်မြင်စွာဆောင်ရွက်လျက်ရှိပါသည်။

၅။ **ပို့ကုန်လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှု**

ဂျာမနီနှင့် အခြားဥရောပနိုင်ငံများသို့ တန်းမြင့်ဆန်များကို EU အရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး MAPCO ၏ နိုင်ငံတကာဈေးကွက်ချဲ့ထွင်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့ပါသည်။

၆။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်း စတင်ဆောင်ရွက်မှုများအပါအဝင် စီးပွားရေးအကျိုးအမြတ်များ၊ ကွဲပြားသော ဝင်ငွေရလမ်းကြောင်းများမှ ရရှိလာသောဝင်ငွေများသည် ကုမ္ပဏီအတွက် လတ်တလောလုပ်ငန်းလိုအပ်ချက် အတွက်သာမက ရေရှည်အကျိုးစီးပွားများကို အထောက်အပံ့ဖြစ်စေပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုန်ကျစရိတ်များ နှင့် အသုံးစရိတ်များကို အကောင်းဆုံးဖြစ်စေရန် စီမံခန့်ခွဲ၍ ဈေးငွေလျှော့ချရန်၊ ဘဏ္ဍာရေးဆိုင်ရာ ငွေဖြစ်လွယ်မှု စွမ်းဆောင်ရည်ကို အားကောင်းစေရန်၊ အတိုးနှုန်းသက်သာသော ဈေးငွေဆိုင်ရာရွေးချယ်မှုများသို့ ပြောင်းလဲ ဆောင်ရွက်ခြင်း ပြုလုပ်နိုင်ရန်တို့ကို အထူးအားရုံစိုက် ဆောင်ရွက်လျက်ရှိပါသည်။

၇။ ရေရှည်အတွက် ရည်ရွယ်၍ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေး Climate-smart Agriculture ကို အလေးပေး၍ လုပ်ဆောင်နေပါသည်။ MAPCO သည် ဆန်စက်များနှင့် သိုလှောင်ရုံများတွင် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရန် ဆိုလာများ တပ်ဆင်ခြင်း၊ စပါးခွံများကို အသုံးပြုခြင်းဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေးသို့ ဦးတည်ကြိုးပမ်းနေပါသည်။ ထို့အပြင် တောင်သူလယ်သမားများ၏ သီးနှံအရည်အသွေး၊ မြေဆီလွှာကျန်းမာရေး နှင့် အစားအစာ ဘေးကင်းရေး စံချိန်စံညွှန်းများကို အာမခံနိုင်စေရန် အလို့ငှာ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာနှင့် တီကျစ်မြေဩဇာများကို ထုတ်လုပ်လျက်ရှိပါသည်။

၈။ အစုရှယ်ယာရှင်များ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုအပေါ် အခြေခံ၍ စီးပွားရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်း များကိုဆောင်ရွက်ခြင်း၊ နိုင်ငံတကာဈေးကွက်များသို့ ပို့ကုန်ချဲ့ထွင်တင်ပို့ခြင်း နှင့် ဒစ်ဂျစ်တယ် စိုက်ပျိုးရေးနည်း ပညာများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို အာရုံစိုက်လျက်ရှိပါသည်။ ဤလုပ်ငန်းစဉ်များသည် MAPCO Group အတွက် ပြည်တွင်းသာမက နိုင်ငံတကာတွင် ထိပ်တန်းအင်အားစု တစ်ခုအဖြစ် ရပ်တည်မည့် အခြေအနေ ကောင်းကို ပုံဖော်မှုဖြစ်ပါသည်။

၉။ ကုမ္ပဏီအပေါ် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အစုရှယ်ယာရှင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်း များနှင့် သက်ဆိုင်သူများအားလုံးကို ကျွန်တော့်အနေဖြင့် ဒါရိုက်တာအဖွဲ့ကိုယ်စား စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင် ပါကြောင်း ဖော်ပြအပ်ပါသည်။ MAPCO တွင် တစ်နှစ်တာကာလအတွင်း သိသာထင်ရှားသော စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ခဲ့ပြီး အသွင်ကူးပြောင်းမှုတို့ကို ဖော်ဆောင်နိုင်ခဲ့သဖြင့် ကုမ္ပဏီတိုးတက်မှု၏ အခြေခံအုတ်မြစ်ကောင်း ဖြစ်လာပါသည်။ တည်ငြိမ်မှုကို အကာအကွယ်ပေးရုံသာမက ရေရှည်တည်တံ့သော တိုးတက်မှု၊ ဆန်းသစ်တီထွင် မှုနှင့် နိုင်ငံတကာ ယှဉ်ပြိုင်နိုင်စွမ်းအတွက် အုတ်မြစ်ချ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျွန်တော်တို့ MAPCO Group သည် ရှေ့ဆက်သွားမည့် ကာလများတွင် ရေရှည်တိုးတက်တည်တံ့သည့်တန်ဖိုးကို ထိန်းသိမ်းရန်၊ တောင်သူ လယ်သမားများ၏ အသက်မွေးဝမ်းကြောင်းကို အထောက်အကူပြုစေရန်၊ မြန်မာ့လယ်ယာစီးပွားရေးကဏ္ဍနှင့် စားသောက်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်မှုကဏ္ဍများတွင် ထိပ်တန်းအင်အားစုတစ်ခုအဖြစ် ရပ်တည်သွားရန် သန္နိဋ္ဌာန် ချထားပါကြောင်း ဖော်ပြအပ်ပါသည်။

( ရဲမင်းအောင် )
ဥက္ကဋ္ဌ
ဒါရိုက်တာအဖွဲ့

# MAPCO ဖွဲ့စည်းတည်ထောင်မှု မှတ်တမ်း

**မြန်မာ** နိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်နှင့် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များသည် (၂၃.၁.၂၀၁၂) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့် တွေ့ဆုံ၍ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီးက အများပြည်သူပါဝင်မှုရှိသည့် အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် လမ်းညွှန်ခဲ့သဖြင့် **MAPCO** အများပိုင်ကုမ္ပဏီအဖြစ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင် ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်အမှတ်(၁၃၄/၂၀၁၂-၂၀၁၃)ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ (၁.၈.၂၀၁၂)ရက်နေ့တွင် လုပ်ငန်းစတင်လုပ်ဆောင်ခွင့်လက်မှတ် **(Certificate for Commencement of Business)** အမှတ် ၁/၂၀၁၂ ကိုရရှိခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးလုပ်ကိုင်ခွင့်ရရှိသော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံတကာအများပိုင်ကုမ္ပဏီကြီးများ၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထား ခြင်းဖြစ်ပါသည်။ အများပြည်သူသို့ အစုရှယ်ယာစတင်ရောင်းချခြင်းကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ အစုရှယ်ယာဝင် ဦးရေ(၁၄၈၀)ဦး ပါဝင်ရင်းနှီးမြှုပ်နှံထားရှိပါသည်။

## မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဦးဆောင်အဖွဲ့အစည်းဖြင့် ရပ်တည်ဆောင်ရွက်အကျိုးပြုနိုင်ရန်။

## ဦးတည်ချက်များ

(၁) မြန်မာနိုင်ငံတွင် ဂုဏ်သတင်းထင်ရှားကျော်ကြားပြီး အကျိုးအမြတ်ရှိသော အများပိုင်ကုမ္ပဏီ တစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်ဆောင်ရွက်နိုင်ရန်။

(၂) လယ်ယာစီးပွားရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ခြင်းဖြင့် သက်ဆိုင်သူ (Stakeholders)များအားလုံး အကျိုးဖြစ်ထွန်းစေပြီး မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေးနှင့် စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကိုပါ အကျိုးပြုနိုင်ရန်။

(၃) အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများနှင့် ဥစ္စာဓန ပိုမိုတိုးပွားကောင်းမွန်စေရန်အတွက် မဟာဗျူဟာမြောက်သော ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်။

(၄) လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက အခန်းကဏ္ဍမှ ဦးဆောင် ဆောင်ရွက်ရန်။

(၅) မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးစေရန်အတွက် လိုအပ်သော အခြေခံအဆောက်အဦး (infrastructure)များ၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ (Logistics) လုပ်ငန်းများကိုဆောင်ရွက်ရန်။

(၆) မြန်မာ့ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တို့တွင် ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ရန်။

# BACKGROUND INFORMATION OF MAPCO

On 21st January 2012, U Chit Khine, former Chairman of **Myanmar Rice Federation (MRF)**, together with senior Central Executive Committee members of **MRF**, had a courtesy meeting with H.E. President U Thein Sein and cabinet ministers. The purpose of the meeting was to promote private-public partnership for the development of rice industry and agriculture sector of Myanmar. One of the outcomes of the meeting is to form a Public Company which can increase the investment and trade of the rice industry and agriculture sector. Hence, **Myanmar Agribusiness Public Corporation Limited (MAPCO)** was formed in 2012 under the guidance and initiative of Myanmar Rice Federation. **MAPCO** therefore acts as the business arm of **Myanmar Rice Federation**.

**MAPCO** was formally formed in August, 2012 as the Public Company, fully-owned by private investors. **MAPCO** intends to mobilize public savings and to foster broader investment in agriculture and agro-based industries of Myanmar. In addition, **MAPCO** is founded in response to the growing demand for a business corporation to lead the private sector of Myanmar's rice industry. Using market-based approaches and strategies, as well as working in partnership with stakeholders from the farmers to the exporters, **MAPCO** promises and promotes sustainability and profitability in the interest of national food security, rice and agriculture sector development of Myanmar. **MAPCO** works closely with the Government of Myanmar to set up and invest not only in modern rice mills and warehousing facilities but also on infrastructure and strategic projects to help alleviate poverty through agribusiness activities within the rural communities. The set of ideals that **MAPCO** carries is a paradigm shift from the previous agribusiness model to a more robust and comprehensive system.

The following details are about official incorporation of **MAPCO**:
**Incorporation Certificate** – No.134/2012-2013
(Issued by Department of Investment & Company Administration)

**Commencement of Business Certificate** – No.1/2012 (1-8-2012)
(Issued by Department of Investment & Company Administration)

**Commencement of Initial Public Offering** - (16-8-2012)
Numbers of shareholders (as of 2024-2025) – 1480 shareholders

## Vision

To be the vanguard of rice and agriculture industry of Myanmar

## Key Objectives

(1) To stand successfully as the most vibrant, dynamic and profitable public corporation in Myanmar

(2) To develop and sustain agribusiness activities so as to ensure prosperity for all stakeholders in the interests of national food security and rapid economic development

(3) To improve interest and wealth of shareholders by making long-term strategic investment

(4) To implement private sector-led development in agriculture and agro-based industries

(5) To develop and improve infrastructure and logistics with regard to economic development of Myanmar

(6) To be a market leader in Myanmar and in global market place




MAPCO's commitment to sustainable growth for rice industry and agriculture sector encompasses three main pillars as follows:



# (MAPCO)ဒါရိုက်တာအဖွဲ့ - Board of Directors

| No. | Name | Responsibilities/Positions |
|---|---|---|
| 1. | U Ye Min Aung | Chairman of the Board / Group Managing Director |
| 2. | U Aung Myint | Board Member / Executive Director |
| 3. | U Kyaw Kyaw Win | Board Member / Executive Director |
| 4. | U Han Thaw Zay | Board Member / Executive Director |
| 5. | U Tun Lwin | Board Member / Non-Executive Director |
| 6. | U Maung Maung Kyaw Win | Board Member / Non-Executive Director |
| 7. | Daw Myint San Yee @ Yi Lyant | Board Member / Non-Executive Director |
| 8. | U Kyaw Hla Nyein | Operation Director |
| 9. | U Thura | Independent Director |

## ဖွဲ့စည်းပုံ
## Organizational Structure



MAPCO AGRIBUSINESS

## ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှုအခြေအနေ
## (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့အထိ)
## BOD's Shareholding Status

| No. | Shareholders Name | No.of Shares | Percentages % |
|---|---|---|---|
| 1. | U Ye Min Aung | 27,442 | 1.14 % |
| 2. | U Aung Myint | 10,420 | 0.43 % |
| 3. | U Kyaw Kyaw Win | 41,620 | 1.72 % |
| 4. | U Tun Lwin | 104,020 | 4.31 % |
| 5. | U Maung Maung Kyaw Win | 50,830 | 2.10 % |
| 6. | U Han Thaw Zay | 9,340 | 0.39 % |
| 7. | Daw Myint San Yee @ Daw Yi Lyant | 5,020 | 0.21 % |
| | Total | **248,692** | **10.29 %** |

# United Nations Global Compact တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း

MAPCO သည် United Nations Global Compact တွင် အဖွဲ့ဝင်အဖြစ် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့မှ စတင် ပါဝင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လတွင် MAPCO မှ တတိယအကြိမ်မြောက် Letter of Commitment နှင့် Communication On Progress ကို တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ MAPCO အနေဖြင့် United Nations Global Compact မှ ချမှတ်ထားသော အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၊ လူ့အခွင့်အရေး၊ အလုပ်သမားနှင့် အမျိုးသမီးအခွင့်အရေး၊ လုပ်ငန်းခွင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပါအဝင် အခြေခံမူဝါဒ (၁၀)ရပ်ကို လိုက်နာဆောင်ရွက်လျက်ရှိပြီး အဖွဲ့ ့ဝင်ဖြစ်သည့် နေ့မှစ၍ MAPCO ၏ ကော်ပိုရိတ်မဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင်လည်း ထည့်သွင်းချမှတ်လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ လိုက်နာဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းများနှင့် လယ်ယာကဏ္ဍတွင် တာဝန်သိကုမ္ပဏီတစ်ခုအဖြစ် စံပြဖြစ်အောင်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။




အဖွဲ့ဝင်ဖြစ်သည့် ၂၀၁၆ ခုနှစ်မှ စတင်ပြီး အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးနှင့်ပတ်သတ်၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်အညီ MAPCO ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်းနှင့် တိုင်ကြားသူ မနစ်နာစေရန် ကာကွယ်ပေးသည့် Whistle Blowing မူဝါဒများချမှတ်ခြင်းတို့ကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်း အနေဖြင့် “ZERO Plastice Bottle Campaign” ကို ၂၀၁၈ ခုနှစ်မှ စတင်လိုက်နာကျင့်သုံးခဲ့ပြီး MAPCO အနေဖြင့် “Less Paper Use Office System” အဖြစ်သို့ ရောက်အောင် Online & Digital Transformation လုပ်ငန်းစဉ်များကို ရုံးတွင်း အသိပညာပေးခြင်း၊ ပြောင်းလဲဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ United Nations Global Compact အဖွဲ့ဝင်တစ်ဦးအနေဖြင့် နောင်နှစ်များတွင်လည်း ချမှတ်ထားသော အခြေခံမူဝါဒ(၁၀)ရပ်အပြင် UN Sustainable Development Goals များကိုပါ အကျိုးပြုဆောင်ရွက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# အစုရှယ်ယာ အများဆုံးထည့်ဝင်ထားသူ(၅၀)ဦးစာရင်း
# (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့အထိ)

| No. | Shareholder's Name | No.of Shares | % |
|---|---|---|---|
| 1. | EDEN GROUP Co.,Ltd | 343,220 | 14.21% |
| 2. | Yangon Land Co.,Ltd | 145,620 | 6.03% |
| 3. | U Tun Lwin | 104,020 | 4.31% |
| 4. | U Kyaw Gyi Kyaw | 66,996 | 2.77% |
| 5. | Daw Moe Sandar Swe | 59,333 | 2.46% |
| 6. | U Khin Maung Aye | 52,020 | 2.15% |
| 7. | U Zaw Zaw | 52,020 | 2.15% |
| 8. | U Zaw Win Shein | 52,020 | 2.15% |
| 9. | U Kyaw Lin | 52,020 | 2.15% |
| 10. | U Mg Mg Kyaw Win | 50,830 | 2.10% |
| 11. | U Hla Myo | 50,020 | 2.07% |
| 12. | U Kyaw Kyaw Win | 41,620 | 1.72% |
| 13. | Good Brother Co.,Ltd | 41,620 | 1.72% |
| 14. | Nine Road Company | 33,350 | 1.38% |
| 15. | U Win Htein Win | 33,300 | 1.38% |
| 16. | Daw Moe Moe Myint | 29,320 | 1.21% |
| 17. | Daw Khin Moh Moh Shein | 28,822 | 1.19% |
| 18. | U Ye Min Aung | 27,442 | 1.14% |
| 19. | U Myo Khant Ko Ko | 20,820 | 0.86% |
| 20. | Dr.Soe Tun | 20,820 | 0.86% |
| 21. | Diamond Star | 20,820 | 0.86% |
| 22. | U Hla Oo | 20,820 | 0.86% |
| 23. | Daw Kyan In Hywal | 19,884 | 0.82% |
| 24. | U Saga Hla Duoi | 18,690 | 0.77% |
| 25. | U Tin Hla | 18,324 | 0.76% |
| 26. | Mr.HIDEO SHIBUYA | 15,740 | 0.65% |

## List of Top 50 Shareholders (As of November 2025)

| No. | Shareholder's Name | No.of Shares | % |
|---|---|---|---|
| 27. | U Tin Maung Hlaing | 15,620 | 0.65% |
| 28. | U Kyaw Thin | 15,100 | 0.62% |
| 29. | Daw Sandar Than | 15,000 | 0.62% |
| 30. | U Kyaw Min Htin | 14,257 | 0.59% |
| 31. | U Phyo Thaung Win | 14,180 | 0.59% |
| 32. | Daw Aye Nyein Moe | 12,000 | 0.50% |
| 33. | U Aung Lin Htin | 11,512 | 0.48% |
| 34. | Daw Lei Lei Maw | 11,460 | 0.47% |
| 35. | U R Yu | 10,836 | 0.45% |
| 36. | U Tin Myint @ U Kyaw Tin Myint | 10,580 | 0.44% |
| 37. | U Hla Maung Shwe | 10,420 | 0.43% |
| 38. | U Thatoe Hein | 10,420 | 0.43% |
| 39. | Daw Ohnmar Myint | 10,420 | 0.43% |
| 40. | U Aung Myint | 10,420 | 0.43% |
| 41. | U Zaw Win Oo | 10,420 | 0.43% |
| 42. | U Myo Htwe | 10,420 | 0.43% |
| 43. | U Maung Maung Tin | 10,420 | 0.43% |
| 44. | U Myat Lwin | 10,420 | 0.43% |
| 45. | Dr.Soe Myint | 10,420 | 0.43% |
| 46. | Daw Myat Thu Khaing | 10,420 | 0.43% |
| 47. | U Aung Phyo | 10,420 | 0.43% |
| 48. | Dr.Aye Aye | 10,420 | 0.43% |
| 49. | Myanmar Combiz Holdings Limited | 10,420 | 0.43% |
| 50. | U Aung Kyaw Zaw | 10,420 | 0.43% |
| | **Total** | **1,693,716** | **70.10%** |

# ၂၀၂၃-၂၀၂၄ ခုနှစ်
# နှစ်ပတ်လည်အထွေထွေ
# အစည်းအဝေးကျင်းပခြင်း



မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက်၏ ၂၀၂၃-၂၀၂၄ ခုနှစ်၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၁၂.၁၁.၂၀၂၄ ၊ အင်္ဂါနေ့တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပထမထပ်၊ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက်များအဖြစ် လုပ်ငန်းအစီရင်ခံစာ၌ ဖော်ပြထားသောလုပ်ငန်းများနှင့်ပတ်သတ်၍ အုပ်ချုပ်မှုဒါရိုက်တာမှ ရှင်းလင်းတင်ပြချက်များကို မှတ်တမ်းတင်ခြင်း၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြအတည်ပြုခဲ့ပါသည်။

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေပေးခြင်း အစီအစဉ်နှင့်ပတ်သက်၍ (၆.၁၁.၂၀၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ "အစုရှယ်ယာတစ်ခုအပေါ် တွင် အမြတ်ဝေစု (၇%) ပေးရန်နှင့် (၁၆.၁၂.၂၀၂၄) ရက်နေ့မှစ၍ ငွေသားဖြင့်သော်လည်းကောင်း/ဘဏ်အကောင့်ဖြင့်သော်လည်းကောင်း အမြတ်ဝေစု ပေးချေမှုအစီအစဉ်အား အပတ်စဉ်အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာပတေးနေ့များတွင် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ၎င်းရက်များတွင် လာရောက်ထုတ်ယူနိုင်ခြင်း မရှိသည့် အစုရှယ်ယာရှင်များကိုလည်း သောကြာနေ့တွင် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် MAPCO ၏ facebook, vibergroup တွင် အသိပေးတင်ပြသွားမည်ဖြစ်ပါကြောင်း၊ အသိပေးတင်ပြခဲ့ပါသည်။ MAPCO ၏ ငွေစာရင်းများ စစ်ဆေးရန် ဦးသောင်းအေး စာရင်းစစ်အဖွဲ့ကို ပြင်ပစာရင်းစစ်အဖြစ် ဆက်လက်ခန့်ထားရန်နှင့် internal audit (independent audit) အဖွဲ့ခန့်အပ်ရေးစီစဉ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အစုရှယ်ယာရှင်များ၏ မေးခွန်းများ၊ အကြံပြုချက်များအား အုပ်ချုပ်မှုဒါရိုက်တာမှ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပြီး အစည်းအဝေးကို ရုတ်သိမ်းခဲ့ပါသည်။
















(MAPCO)

















# ANNUAL GENERAL MEETING 2023-2024

The Annual General Meeting (AGM) of Myanmar Agribusiness Public Company Limited (MAPCO) for the Fiscal Year 2023–2024 was convened on 12 November 2024 at the UMFCCI Conference Hall.

During the meeting, the Chairman of the Board of Directors and Group Managing Director, U Ye Min Aung, delivered the opening address and presented an overview of the key business activities undertaken by MAPCO during the fiscal year.

The shareholders reviewed and approved the Annual Report, including the audited financial statements. In addition, the AGM endorsed the dividend policy to distribute a 7% dividend to shareholders, either in cash or via bank transfer.

The AGM further resolved to reappoint the External Auditor, Thaung Aye & Associates, to continue undertaking the company's annual audit responsibilities.

The meeting concluded with a Questions and Answers session, during which the Group Managing Director and Chairman of the Board, U Ye Min Aung, responded to shareholders' questions, comments, and suggestions.





























MAPCO







# ခေတ်မီဘက်စုံသုံး အပြည့်ပြည့်ဆိုင်ရာ ဆိပ်ကမ်းစီမံကိန်း (ဆန် နှင့် ကောက်ပဲသီးနှံ တင်/ချ ဆိပ်ခံတံတား နှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်း)



ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းဒေသ မြေကွက်အမှတ် (၂၈)ရှိ မြေဧရိယာ (၃၇.၀၆)ဧကတွင် ခေတ်မီ ဘက်စုံသုံး အပြည့်ပြည့်ဆိုင်ရာ ဆိပ်ကမ်းစီမံကိန်း (ဆန်နှင့်ကောက်ပဲသီးနှံ တင်/ချ ဆိပ်ခံတံတားနှင့် ဆက်စပ်အဆောက်အအုံများတည်ဆောက်ခြင်း) လုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့်မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO)တို့အကြား BOT Contractနှင့် မြေငှားစာချုပ် (Land Lease Agreement) တို့ကို ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် ဆိပ်ခံတံတားတည်ဆောက်ရေးနှင့်စပ်လျဉ်းသော သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement-MOA)များကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ ဦးဆောင်၍ သီလဝါအကွက်အမှတ် (၂၇၊ ၂၈၊ ၂၉)တို့နှင့်အတူ လက်မှတ်



ရေးထိုးနိုင်ခဲ့ပြီး၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် အဆိုပါအဖွဲ့များဖြင့် ဘက်စုံသုံးအပြည့်ပြည့်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ခေတ်မီသိုလှောင်ရုံ ပန္နက်တင်အခမ်းအနား ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

China Harbour Engineering Co.,Ltd (CHEC)နှင့် အလျား(၂၀၀)မီတာရှိသော ဘက်စုံသုံးအပြည့်ပြည့်ဆိုင်ရာ ဆိပ်ခံတံတား(၁)စင်းကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့အပြင် ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးတင်သွင်းနိုင်ရေးတို့အတွက် နောက်ခံမြေ (၃၇.၀၆) ဧကရှိ (Commercial Area) တွင် 1000 Ton/Day Rice Processing Complex တစ်ခုနှင့် 500 Ton/Day Soyabean Processing Complex တစ်ခုတို့အား China Oil and Food Corporation (COFCO-Engineering) ဒီဇိုင်းနှင့် တည်ဆောက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားရန် ဆောင်ရွက်လျက်ရှိပါသည်။

China Oil & Food Corporation (COFCO) သည် တရုတ်နိုင်ငံအစိုးရပိုင်အဖွဲ့အစည်းဖြစ်ကာ ဆန်နှင့် ကောက်ပဲသီးနှံများကို အဓိက တင်သွင်းခွင့် ရရှိသောအဖွဲ့ဖြစ်ပါသည်။ China Oil and Food Corporation (COFCO-Engineering) အနေဖြင့် အဆောက်အဦဒီဇိုင်းများရေးဆွဲရာတွင် မုန်တိုင်းအန္တရာယ်များ၊ ငလျင်အန္တရာယ်များအတွက် လုံခြုံစိတ်ချရမှုရှိသော နည်းပညာများကို အသုံးပြု၍ အဆောက်အဦအတွင်း Energy Efficient Design များကိုလည်း ထည့်သွင်းရေးဆွဲထားပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့၏ လမ်းညွှန်မှုကိုခံယူပြီး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



# THILAWA INTERNATIONAL MULTI-PURPOSE JETTY & AGRO-PROCESSING COMPLEX PROJECT

A BOT Contract and Land Lease Agreement have been signed between the Myanmar Port Authority and the Myanmar Agribusiness Public Co.,Ltd (MAPCO) for the development of a modern, multi-purpose international rice and Oilseed loading/unloading port terminal and related commercial facilities on 37.06 acres of land (Plot No. 28) located in the Thilawa Port Area, Thanlyin–Kyauktan Township, Yangon Region.

To implement the project, on January 2, 2025, the Memorandum of Agreement (MOA) regarding the construction of the Jetty was signed with Thilawa Field Plots (27, 28, 29) led by the Myanmar Rice Federation (MRF). On April 4, 2025, the groundbreaking ceremony for the construction of the multi-purpose international jetty and modern storage facility was held.



China Harbour Engineering Co.,Ltd (CHEC) is planning to construct (200) meter long multi-purpose international jetty. In addition, a 1000 Ton/Day Rice Processing Complex and a 500 Ton/Day Soyabean Processing Complex are planned to be built in cooperation with China Oil and Food Corporation (COFCO-Engineering) in a commercial area of (37.06) acres to promote export and import substitution.

COFCO Engineering Technology (COFCO-Engineering) will use safe technologies for storm and earthquake hazards in the design of buildings and will also incorporate Energy Efficient Design in the buildings. All engineering and construction works will adhere to the guidance of the Ministry of Transport and Communications and the Myanmar Investment Commission.

# သဘောတူညီမှု စာချုပ်လွှာ MOA ရေးထိုးပွဲ (၂.၁.၂၀၂၅)















# အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားတည်ဆောက်ခြင်းနှင့် ခေတ်မီသိုလှောင်ရုံ၏ ပန္နက်တင်အခမ်းအနား (၄.၄.၂၀၂၅)














# MRBO ဖွဲနုဆီစက်
# တည်ဆောက်ရေးနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ဆန်စပါးလုပ်ငန်း၏ Value Chain ဖွံ့ဖြိုးတိုးတက်စေရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ နိုင်ငံတော်၏ ဆီဖူလုံမှုအပေါ် အကျိုးပြုနိုင်စေရေး၊ ရေရှည်အကျိုးအမြတ်နှင့် အကျိုးစီးပွားဖြစ်ထွန်းသော စားသုံးဆီ ထုတ်လုပ်မှုလုပ်ငန်းတစ်ရပ် ထူထောင်နိုင်ရေးတို့အတွက် MAPCO အနေဖြင့် Myanmar Rice Bran Oil ကုမ္ပဏီလီမိတက် (MRBO) ကို ဖွဲ့စည်း၍ နေပြည်တော်တွင် ဆီကြမ်း တန် (၂၀၀)၊ ဆီချော တန် (၅၀) ထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများအား အိန္ဒိယနိုင်ငံ Aditya Engineering Pvt Ltd နှင့် MAPCO EMR ဌာန၏ အင်ဂျင်နီယာဝန်ထမ်းများ၊ MAPCO (Naypyitaw) ဝန်ထမ်းများ၏ ပါဝင် ပူးပေါင်းကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင်စတင်ခဲ့ပါသည်။ ရာသီမုန်တိုင်းကာလနှင့် ၂၀၂၅ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဆန်စက်နှင့် ဖွဲနုဆီစက် ဆီကြမ်းစက်ရုံတို့တွင် ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး လုပ်ငန်းများအား ပြန်လည်ပြုပြင်အားဖြည့်တည်ဆောက်ရပါသဖြင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခဲ့ရပြီး ယခုအခါ ၂၀၂၆ နှစ်ဆန်းပိုင်းတွင် ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဆက်လက်ပြီး အတွေ့အကြုံများကို အခြေခံ၍ ဧရာဝတီတိုင်းဒေသကြီး (မြောင်းမြ)၊ ပဲခူးတိုင်းဒေသကြီး (သာယာဝတီ နှင့် ပေါင်းတည်) တို့တွင် ဖွဲနုဆီစက်များ၊ ဖွဲနု အချဉ်ထိန်းစက်များကို နိုင်ငံတော်၏ ဆီဖူလုံရေး၊ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်နိုင်ရေးတို့အတွက် တိုးချဲ့တည်ဆောက်သွားမည် ဖြစ်ပါသည်။

## Myanmar Rice Bran Oil (MRBO) Project Implementation

In alignment with the strategic guidance of the Myanmar Rice Federation, MAPCO is committed to advancing the rice industry's value chain, reducing import dependency, supporting national oil security, and establishing a sustainable and profitable edible oil production business.

To achieve these objectives, MAPCO has incorporated Myanmar Rice Bran Oil Co., Ltd. (MRBO) and initiated a major investment project in Naypyitaw for the construction of a production facility with a capacity of 200 tons of crude oil and 50 tons of refined oil.
The project is being executed in collaboration with Aditya Engineering Pvt Ltd (India), alongside engineering teams from MAPCO's EMR Department and MAPCO Naypyitaw staff. Construction commenced in February 2024.

However, due to unforeseen challenges, including monsoon conditions and structural damage caused by the earthquake on March 28, 2025, which impacted rice mills and the crude oil plant, additional repair and reinforcement work became necessary. Consequently, the construction timeline was extended.

MAPCO is now actively working to complete the project by early 2026, ensuring that the facility meets international standards and contributes significantly to the company's long-term growth and the nation's food security objectives. Building on these experiences, MAPCO also plans to expand by establishing additional rice bran oil extraction plants and bran stabilization facilities in Myaung Mya Township (Ayeyarwady Region) and in Thayarwaddy and Paung De Townships (Bago Region).

## Myaung Mya Rice Mill




## Nay Pyi Taw - Myanmar Rice Bran Oil(MRBO)









# MAPCO (MGL) မြောင်းမြ ဆန်စက် တည်ဆောက်ရေးလုပ်ငန်း

မြောင်းမြစီမံကိန်းဧရိယာတွင် ဖွဲနုဆီစက်လုပ်ငန်း၊ ဆန်စက်လုပ်ငန်းနှင့် Power Plant (MMFM) လုပ်ငန်း ဟူ၍ (၃)ခု ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ Power Plant Project (MMFM) စီမံကိန်းမှာ တည်ဆောက်ပြီးစီးပြီဖြစ်၍ ဓါတ်အားပို့လွှတ်နိုင်ရေး ဆောင်ရွက်ရန်ရှိပါသည်။ တစ်ရက်လျှင် တန်(၁၂၀)ကျ ခေတ်မီ ဆန်စက်နှင့် သိုလှောင်ရုံတို့ကို တည်ဆောက်လျက်ရှိပါသည်။ လက်ရှိ Power Plant (MMFM) ၏ ဘေးဧရိယာ တွင် မူလက အလျား ၂၀၀′ x အနံ ၈၀′ x အမြင့် ၂၈′ လျာထားတည်ဆောက်ခဲ့ပြီး ယခုအခါတွင် အလျား ၃၀၀′ x အနံ ၈၀′ x အမြင့် ၂၈′ ရှိသော အဆောက်အဦးအဖြစ် တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။ ဧရာဝတီတိုင်းရင်းနီး မြှုပ်နှံမှုကော်မတီမှ (၂၈.၅.၂၀၂၅) နေ့တွင် ခွင့်ပြုမိန့်ရရှိခဲ့ပြီး၊ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးစီးရန် ဆောင်ရွက်လျက်ရှိပါသည်။





## MAPCO (MGL) Myaung Mya Rice Mill Construction

The Myaung Mya project area is implementing three (3) projects: Rice Bran Oil Mill, Rice Mill and Power Plant (MMFM). The Power Plant Project (MMFM) has been completed and is ready to be used for power transmission. The Rice Mill is currently constructing a modern Rice Mill with a capacity of ( 120 )Tons per day and a storage facility. The existing Power Plant (MMFM) was originally built on the side of the area with a length of 200′ x width 80′ x height 28′, but is now being expanded to a building with a length of 300′ x width 80′ x height 28′. The Ayeyarwady Region Investment Committee has received a permit on (28.5.2025), and construction is currently underway to complete in December 2025.


မြောင်းမြဆန်စက်နှင့် သိုလှောင်ရုံ တည်ဆောက်ရေး

# တိုက်ကြီးဆန်စက်

MAPCO အနေဖြင့် Yangon Agri Food Industries Co.,Ltd နှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ဆန်စက်ကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။





## Taikkyi Rice Mill

MAPCO is working with Yangon Agri Food Industries Co.,Ltd to upgrade the Rice Mill in Taikkyi Township, Yangon Region.



# ပို့ကုန်၊ သွင်းကုန် လုပ်ငန်း ဆောင်ရွက်မှု



ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဖြစ်သည့် နိုင်ငံတကာ ကုန်သွယ်မှုကို ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပို့ကုန် ကုန်စည်များဖြစ်သည့် ဆန်၊ ဆန်ကွဲနှင့် ပေါင်းဆန်များအား ပြည်ပသို့ တင်ပို့ရောင်းချမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၅၀% ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ယခုနှစ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ချမှတ်သော ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်တင်သွင်းခြင်းဆိုင်ရာ မူဝါဒများ၊ နိုင်ငံခြားဝင်ငွေလဲလှယ်ခြင်းဆိုင်ရာ မူဝါဒများ၊ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်း မတည်ငြိမ်မှုများကြားမှ ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်တင်သွင်းခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် တိုး၍ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း MAPCO Group တစ်ခုလုံးအနေဖြင့် ပြည်ပသို့ ဆန်/ဆန်ကွဲ တန်ချိန် (၅၀,၀၃၇) ကို တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၂၂.၆) သန်းကျော်ကို ရှာဖွေနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ပြည်ပတင်ပို့ရောင်းချနိုင်ရန်အတွက် ကုမ္ပဏီနှင့်တောင်သူများပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းအရ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် Contract Farming (CF) စနစ်ဖြင့် စပါးများအား ဝယ်ယူခြင်း၊ စာချုပ်ပြင်ပ ပိုလျှံစပါးများအား ဝယ်ယူခြင်း၊ ဆန်ကုန်ကြမ်းများအား ဝယ်ယူ၍ ကုမ္ပဏီပိုင် ဆန်စက်များတွင် သိုလှောင်ကြိတ်ခွဲခြင်း၊ ကုမ္ပဏီနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့သော ပြည်တွင်း Supplier များနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်း၊ မိတ်ဖက်ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းခြင်း၊ Myanmar Rice Federation (MRF) အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော G to G လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်း စသောနည်းလမ်းများဖြင့် ပြည်ပသို့ ဆန်/ဆန်ကွဲနှင့် လယ်ယာပို့ကုန်များ တင်ပို့ရောင်းချခြင်းအား တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ဖြစ်သည့် ဆန်/ဆန်ကွဲများကို အာရှနိုင်ငံများဖြစ်သော China, Malaysia, Indonesia, Philippines နိုင်ငံများသို့လည်းကောင်း၊ ဥရောပနိုင်ငံများဖြစ်သော Latvia, Czech Republic, Greece, Netherlands, Germany နိုင်ငံများသို့လည်းကောင်း၊ အာဖရိကနိုင်ငံများဖြစ်သော Mozambique, Ivory Coast သို့လည်းကောင်း တင်ပို့နိုင်ခဲ့ပြီး အခြားနိုင်ငံများသို့လည်း ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ဈေးကွက်ချဲ့ထွင်မှုများဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်၍ ဆန်စပါးလုပ်ငန်းကိုသာမက အခြားဝင်ငွေရရှိနိုင်သောလုပ်ငန်းများဖြစ်သည့် ပြောင်း၊ ပဲ နှင့် ဆီထွက်သီးနှံများကိုပါ မိမိတို့၏ မိတ်ဖက်ဝယ်ယူသူများနှင့် ချိတ်ဆက်၍ ဈေးကွက်ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော် ဆန်စက်၊ လှိုင်သာယာဆန်စက်များအပြင် မြောင်းမြဆန်စက်၊ မော်ဘီဆန်စက်၊ တွံတေးဆန်စက် နှင့် တိုက်ကြီးမြို့နယ်ရှိ ဆန်စက်အားလုံးကိုလည်း စွမ်းအားပြည့်လည်ပတ်နိုင်အောင် ကြိုးစားလျက်ရှိပြီး ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# Export and Import Operations Undertaken by Trading & Logistic Department

During the 2024–2025 fiscal year, our international trade operations—comprising both export and import activities—showed significant improvement. Export volumes of rice, broken rice, and parboiled rice increased by more than 50% compared to the previous year. Despite changes in export/import policies issued by the Ministry of Commerce, volatility in foreign exchange regulations, and domestic market price instability, our company continued to steadily expand and implement its export and import operations.

In the 2024–2025 fiscal year, MAPCO Group successfully exported a total of 50,037 metric tons of rice and broken rice, generating over USD 22.6 million in export income. To achieve these export results, the Company engaged in several strategic procurement methods: purchasing paddy through the Contract Farming (CF) system under the national agro-economic development program in collaboration with regional farmers, purchasing additional paddy beyond contract quantities, procuring raw rice for processing at company-owned rice mills, entering into supply agreements with long-term domestic suppliers, collaborating with partner companies, and participating in Government-to-Government (G-to-G) export programs implemented through the Myanmar Rice Federation (MRF). Through these combined efforts, MAPCO continued to export rice, broken rice, and other agricultural products to international markets.

This year, Myanmar's agricultural products—particularly rice and broken rice—were exported to various Asian countries including China, Malaysia, Indonesia, and the Philippines, European countries such as Latvia, the Czech Republic, Greece, and the Netherlands, and African countries such as Mozambique and Ivory Coast. We are actively working to expand market access and enhance export volumes to new international destinations.

In addition to rice and paddy operations, we are planning to expand product portfolio to include other income-generating agricultural commodities such as yellow maize, pulses, beans and oilseed crops, working in collaboration with international buyers and partners. Furthermore, in addition to Nay Pyi Taw and Hlaing Tharyar rice mills, MAPCO is striving to fully operate and maximize the capacity of Maung Mya, Hmawbi, Twantay and Taikkyi rice mills.

## Latvia နိုင်ငံသို့ ပေါင်းဆန်နှင့် ဆန်ဖြူများတင်ပို့ရန်အတွက် Inspection စစ်ဆေးမှု ပြုလုပ်နေပုံ

## Quality Inspection of Parboiled and White Rice Exports to Latvia












## Latvia နိုင်ငံသို့ ပေါင်းဆန်နှင့် ဆန်ဖြူများ တင်ပို့ရန်အတွက် Container Preparation ပြုလုပ်နေပုံ

## Container Preparation of Parboiled and White Rice Exports to Latvia









## ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှုအခြေပြဇယား

Export Overview by Fiscal Year: 2019-2020 to 2024-2025




| | 2019-2020 | 2020-2021 | 2021-2022 | 2022-2023 | 2023-2024 | 2024-2025 |
|---|---|---|---|---|---|---|
| MT | 48,591 | 25,410 | 35,755 | 23,461 | 26,270 | 50,037 |
| USD | 16,476 | 10,412 | 13,118 | 12,057 | 14,271 | 22,670 |

## ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ

Export Volumes by Commodity for the 2024-2025 Fiscal Year

| Commodity | MT |
|---|---|
| B 1:2 | 15,557 |
| WR 25% | 9,678 |
| A 1:2 | 8,840 |
| WR 5% | 8,737 |
| WR 10% | 6,246 |
| Parboiled Rice 5% | 979 |
| **Total** | **50,037** |




## ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအလိုက် တင်ပို့နိုင်မှုအခြေအနေ

Export Volumes by Countries for the 2024-2025 Fiscal Year

| Country | MT |
|---|---|
| China | 25,919 |
| Indonesia | 7,280 |
| Africa | 6,003 |
| Philippines | 5,225 |
| Malaysia | 3,920 |
| EU | 1,690 |
| **Total** | **50,037** |





တွံတေး(Twantay, Yangon)



နေပြည်တော်(Nay Pyi Taw)



လှိုင်သာယာ(Hlaing Tharyar, Yangon)

MAPCO Group ၏
ဆန်စက် နှင့်
သိုလှောင်ရုံများ

Rice Mills &
Warehouses of
MAPCO Group



မှော်ဘီ(Hmawbi, Yangon)



တိုက်ကြီး(Taikkyi, Yangon)



မအူပင်(Maubin, Ayeyarwady)



မြောင်းမြ(Myaung Mya, Ayeyarwady)

အထက်ပါ ဆန်စက်များ၊ သိုလှောင်ရုံများကို အခြေပြု၍ ဆန်/စပါးများ ဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲ၊ တင်ပို့ရောင်းချသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

သွင်းကုန်လုပ်ငန်းအနေဖြင့် ဓါတ်မြေဩဇာများ၊ လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ကုမ္ပဏီအတွက် လိုအပ်သောပစ္စည်းများကို တင်သွင်းမှုများအား ဆောင်ရွက်လျက်ရှိပါသည်။

Based on the aforementioned rice mills and storage facilities, MAPCO places emphasis on the purchase, storage, milling, and export of rice and paddy.

As part of import operations, MAPCO continues to import chemical fertilizers, agricultural machinery and equipment, and other materials required for business operations.

# ဂြိုလ်တု(Satellite) မှ စိုက်ပျိုးရေးလုပ်ငန်းအဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲမှုကို ကြည့်ရှုအကဲဖြတ်ခြင်း စီမံကိန်းစတင်စမ်းသပ်ဆောင်ရွက်ခြင်း (၂၀၂၅-၂၀၂၆ ခုနှစ်)

























# အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ၏ ပြည်တွင်းထုတ်ကုန်ပြပွဲ နှင့် မိုးရာသီဈေးရောင်းပွဲတော် – ၂၀၂၅
# (MSME Products Expo & Monsoon Sale - 2025 )




## နယူးမြန်မာထုတ်လုပ်သူသမဝါယမအသင်းလီမိတက်
## (NEW Myanmar Society of Manufacturing Enterprises NEW MSME Co-op)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် NEW Store များ ဖွင့်လှစ်ထားရှိမှုအခြေအနေ

MAPCO ၏ ဦးဆောင်မှုဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းရှင်များနှင့် လက်တွဲကာ နယူးမြန်မာထုတ်လုပ်သူသမဝါယမအသင်းလီမိတက် (NEW Myanmar Society of Manufacturing Enterprises NEW MSME Co-op ) အား သမဝါယမဦးစီး ဌာနတွင် ဖွဲ့စည်းမှတ်ပုံတင်ခဲ့ပါသည်။ NEW MSME Co-op မှ New Store အမည်ဖြင့် Convenience Store များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် လတ်တလောအနေဖြင့် အောက်ပါအတိုင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၅ ခုနှစ် မကုန်မီ ဆိုင်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်-

New Store ဆိုင်ခွဲ (၁) - အမှတ် (၁၅)၊ ဗဟိုလမ်းနှင့်ဝေဠုဝန်လမ်းကျယ်ထိပ်၊ စမ်းချောင်းမြို့နယ်၊
New Store ဆိုင်ခွဲ (၂) - အမှတ် (၂၂)၊ အောင်ဇေယျ (၆) လမ်းထိပ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
New Store ဆိုင်ခွဲ (၃) - အမှတ် (၁၄၇)၊ မြေညီ၊ ဆိပ်ကမ်းသာလမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊
New Store ဆိုင်ခွဲ(၄) - အမှတ်(၁၄၀)ဆရာစံလမ်း၊ ဆရာစံ(မြောက်/အရှေ့)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
New Store ဆိုင်ခွဲ(၅) - အမှတ်(၁၀၅)၊ အေ(၁)၊ မြေညီထပ်၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊

NEW MSME Co-op တွင် အသင်းဝင်သေးစား၊အငယ်စားနှင့် အလတ်စားလုပ်ငန်းပေါင်း (၁၈၂)ဦးအထိရှိလာပြီး အသင်းမှ စီစဉ်ကျင်းပသော ပြည်တွင်းထုတ်ကုန်ပြပွဲ နှင့် မိုးရာသီ ဈေးရောင်းပွဲတော် -၂၀၂၅ (MSME Products Expo & Monsoon Sale - 2025 ) အား ဇူလိုင်လ (၂၁)ရက်နေ့မှ ဇူလိုင်လ (၂၆) ရက်နေ့အထိ Junction City, Promotion Area တွင် ကျင်းပပြုလုပ်ခဲ့ကာ အသင်းဝင်များ၏ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား ခင်းကျင်းပြသရောင်းချခဲ့ပါသည်။







## Operational Status of the NEW Myanmar Society of Manufacturing Enterprises (NEW MSME Co-op) and New Store Expansion

Under the leadership of MAPCO, the NEW Myanmar Society of Manufacturing Enterprises (NEW MSME Co-op) was formally established and registered at the Department of Co-operatives in Lanmadaw Township, in collaboration with micro, small, and medium-sized MSME entrepreneurs.

The NEW MSME Co-op is currently operating convenience stores under the New Store and so for, we have been able to open the following locations. We are also working to expand and open more branches before the end of 2025:

1. **New Store Branch (1) – No. (15), Corner of Bahosi Road and Weiluwun Road, Sanchaung Township**
2. **New Store Branch (2) – No. (22), Aung Zeya (6) Street, Yankin New Ward, Thingangyun Township**
3. **New Store Branch (3) – No. (147), Ground Floor, Seikkantha Road, Lower Block, Kyauktada Township**
4. **New Store Branch (4) – No. (140), Saya San Road, Saya San (North/East) Ward, Bahan Township**
5. **New Store Branch (5) – No. (105), A(1), Ground Floor, Bahosi Road (Khaing Shwe War Road), Ward (3), Kamaryut Township**

The NEW MSME Co-op currently comprises 182 MSME member enterprises. The Co-operative successfully organized the MSME Products Expo & Monsoon Sale – 2025 from 21 to 26 July at Junction City (Promotion Area), where member enterprises showcased and sold various locally produced food items and consumer products.

# ကန်ထရိုက်လယ်ယာစီမံကိန်း

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်၊ စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်၍ အထွက်တိုးစေရန်နှင့် ဈေးကွက်ခိုင်မာမှုရှိစေရန်၊ အရည်အသွေးကောင်းသော ကုန်ကြမ်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် တောင်သူ နှင့် ကုမ္ပဏီများ အကျိုးတူပူးပေါင်း၍ အကျိုးတူ ကန်ထရိုက်လယ်ယာ စနစ်အား MAPCO ကုမ္ပဏီမှ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ချိန်မှ စ၍ စပါး သီးနှံတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် နောက်ပိုင်းမှ စ၍ ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နေကြာ၊ နှမ်းနှင့် ပဲပုပ်သီးနှံတို့ကိုပါ တိုးချဲ့ဆောင်ရွက်လာပါသည်။ ၂၀၁၇ ခုနှစ်တွင် အကျိုးတူလယ်ယာစနစ်အား ကုမ္ပဏီ အစီအစဉ်များဖြင့် တောင်သူများနှင့် ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှ စ၍ သွင်းအားစုများ ထောက်ပံ့ပေးခြင်းအား နိုင်ငံစီးပွားမြှင့်တင်ရေးစီမံကိန်းနှင့်ချိတ်ဆက်၍ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီမှလည်း စိုက်ပျိုးစရိတ်များအား ထပ်တိုးအနေဖြင့် ပံ့ပိုးပေးခဲ့ပါသည်။

ယခုဘဏ္ဍာရေးနှစ်တွင် အကျိုးတူလယ်ယာစနစ်မှ ကုမ္ပဏီအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သော စပါးတင်း (၂၄၂၈၂၅) ခန့်၊ ဆီထွက်သီးနှံဖြစ်သည့် မြေပဲ (၇၂၆၂၅)ပိဿာ၊ နှမ်း (၂၀၀၀၀)ပိဿာ၊ နေကြာ (၄၃၃၀၄) ပိဿာ၊ ပဲပုတ်သီးနှံ (၃၆၈၅၈) ပိဿာခန့်တို့အား ပြန်လည်သိမ်းဆည်းထားရှိပြီး ကြိတ်ခွဲရောင်းချရေးလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အကျိုးတူ ဧကများအား ၂၀ ရာခိုင်နှုန်း ခန့်တိုးချဲ့ဆောင်ရွက်သွားရန်နှင့် ရေရှည်ကောင်းမွန်သော ကန်ထရိုက်လယ်ယာစနစ်များ၊ ဈေးကွက်အတွက် အလားအလာကောင်းသော export zone များ သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# CONTRACT FARMING

MAPCO's Contract Farming Program is a strategic initiative aimed at enhancing agricultural productivity, stabilizing markets, and ensuring a consistent supply of high-quality raw materials. Initially focused on rice cultivation, the program expanded in 2022 to include oilseed crops such as groundnut, sunflower, sesame, and pulses. In the current fiscal year, it delivered significant outputs, including 242,825 baskets of paddy, 72,625 baskets of groundnut, 20,000 baskets of sesame, 43,304 baskets of sunflower, and 36,858 baskets of pulses. Looking ahead to FY 2025–2026, MAPCO plans to increase contract farming acreage by 20%, implement sustainable farming systems, and establish export zones to strengthen global market access, reaffirming its commitment to farmer partnerships and international competitiveness.

## နှစ်အလိုက် ကန်ထရိုက်လယ်ယာဆောင်ရွက်ထားရှိမှု

| စဉ် No. | မြို့နယ် (Township) | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | | ၂၀၂၅ ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နွေစပါး | နွေစပါး | နွေစပါး | မိုးစပါး | နွေစပါး | မိုးစပါး | နွေစပါး | မိုးစပါး | နွေစပါး | မိုးစပါး (လျာထား) |
| ၁။ | တွံတေး | - | - | 290 | 51 | 107 | 180 | 634 | 580 | 1070 | 668 |
| ၂။ | ဒလ | - | - | 75 | 225 | 178 | 104 | 220 | 896 | 350 | 1881 |
| ၃။ | ကော့မှူး | 660 | - | - | 180 | 80 | 207 | 120 | 1817 | 270 | 2383 |
| ၄။ | ကွမ်းခြံကုန်း | 410 | - | 90 | 1212 | 680 | 411 | 496 | 1870 | 1210 | 4000 |
| ၅။ | သုံးခွ | - | - | - | 370 | - | - | - | | | |
| ၆။ | ခရမ်း | - | - | - | - | - | 1113 | - | | | |
| ၇။ | မော်ဘီ | - | - | - | - | 637 | 1145 | 667 | 1087 | 700 | |
| ၈။ | တိုက်ကြီး | - | - | 700 | 765 | 1708 | 3339 | 3102 | 5464 | 5000 | 5087 |
| ၉။ | မြောင်းမြ | - | - | 300 | 527 | 2631 | 2035 | 3240 | 3014 | 5000 | 1973 |
| ၁၀။ | မအူပင် | 151 | - | - | 333 | - | 420 | 585 | 750 | 1150 | 1500 |
| ၁၁။ | နေပြည်တော် | | | 515 | 870 | 791 | 1012 | 1925 | 2546 | 2032 | 2500 |
| | စုစုပေါင်း | 1221 | 0 | 1970 | 4533 | 6812 | 9966 | 10989 | 18024 | 16782 | 19992 |

## ၂၀၂၄-၂၀၂၅ခုနှစ်၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ထားရှိမှု (စပါး+ဆီထွက်သီးနှံ)

| စဉ် | သီးနှံအမျိုးအမည် | တောင်သူဦးရေ | စိုက်ဧက | သွင်းအားစုဖိုးငွေ(ကျပ်) | သိမ်းဆည်းရရှိမှု |
|---|---|---|---|---|---|
| ၁။ | စပါး (Paddy) | 2215 | 35034 | 6,967,774,750 | 242825 တင်း |
| ၂။ | မြေပဲ (Peanut) | 325 | 1607 | 482,100,000 | 72625 ပိဿာ |
| ၃။ | နှမ်း (Sesame) | 211 | 1000 | 150,000,000 | 20000 ပိဿာ |
| ၄။ | နေကြာ (Sunflower) | 23 | 1315 | 263,000,000 | 43304 ပိဿာ |
| ၅။ | ပဲပုတ် (Soyabean) | 149 | 605 | 176,632,000 | 36858 ပိဿာ |
| | စုစုပေါင်း (Total) | 2923 | 39561 | 8,039,506,750 | |

## တောင်သူများနှင့် ညှိနှိုင်းဆွေးနွေးမှုများ(Meetings with Farmers)



တောင်သူ ပညာပေး ဆွေးနွေးဆောင်ရွက်ခြင်း



တောင်သူများနှင့် စည်းရုံးရေးဆောင်ရွက်ခြင်း



တောင်သူများနှင့် စာချုပ်ချုပ်ဆိုခြင်း




သွင်းအားစု ပေးအပ်ပွဲပြုလုပ်ခြင်း



တောင်သူခေါင်းဆောင်များအား ဆုကြေးငွေပေးအပ်ခြင်း

# ဆီထွက်သီးနှံအတွက် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ကွင်းဆင်းမှတ်တမ်းများ



တိုက်ကြီးမြို့နယ်တွင် တောင်သူစည်းရုံးရေးပညာပေးခြင်း



ပဲပုပ်စိုက်ခင်းတွင် ပန်းပွင့်စုံပြီး အသီးသီးနေခြင်း



ပဲပုပ်သီးနှံ ရိတ်သိမ်းနေခြင်း (Soybean Harvesting)



ရိတ်သိမ်းထားသော ပဲပုပ်များကို အခြောက်ခံခြင်း (Soybean Drying)

# သဘာဝမြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်း

ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့မှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများအား အကျိုးရှိရှိ ပြန်လည်အသုံးပြုရန်နှင့် တောင်သူများနှင့် အကျိုးတူဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ထောက်ပံ့ပေးနိုင်ရန်အတွက် သဘာဝမြေသြဇာနှင့် သဘာဝပိုးသတ်ဆေးများ၊ အားဆေးများအား ၂၀၂၂ ခုနှစ်မှ စတင်၍ နေပြည်တော်ကောင်စီနယ်မြေတွင် ထုတ်လုပ်ဖြန့်ဖြူးခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် မြောင်းမြမြို့နယ် နှင့် မအူပင်မြို့နယ်တို့တွင် ဒေသနှင့် ကိုက်ညီမှုရှိသော သဘာဝမြေသြဇာများအား ထပ်မံစမ်းသပ်ခဲ့ပြီး ဒေသဋ္ဌရှိသော စွန့်ပစ်ဘေးထွက်ပစ္စည်းများအား အခြေခံ၍ မွေးမြူရေးမှ ရရှိသည့် နွားချေးများနှင့်ပေါင်းစပ်ကာ သဘာဝမြေသြဇာများအား ထုတ်လုပ်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် My Nature အမှတ်တံဆိပ်ဖြင့် ရွက်ဖျန်းမြေသြဇာ၊ စပါးခွံပေါင်းခံရည်၊ စပါးခွံဘိုင်အိုချာများအား ထုတ်လုပ်သည့်အပြင် ပစ္စည်းထုတ်ကုန်အသစ်အနေဖြင့် တီကျစ်မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းအား မအူပင်စက်ရုံတွင် စတင်၍ ဆောင်ရွက်ခဲ့ပြီး ဈေးကွက်သို့ ရောင်းချလျက်ရှိပါသည်။ သဘာဝမြေသြဇာထုတ်လုပ်သည့်ကုမ္ပဏီများအား ကုန်ကြမ်းများအနေဖြင့် လက်ကားရောင်းချခြင်း၊ အရောင်းဆိုင်များအားရောင်းချခြင်း၊ စိုက်ပျိုးထုတ်လုပ်သူများထံ တိုက်ရိုက်ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ပစ္စည်းအသစ်အနေဖြင့် မြေဆွေး(၂)မျိုး၊ ရွက်ဖျန်း(၂)မျိုးအား လာမည့်ရာသီများတွင် ထုတ်လုပ်နိုင်ရန်အတွက် နမူနာများ စမ်းသပ်လျက်ရှိပါသည်။ လယ်ယာမြေများ ပြုပြင်ခြင်း၊ ဥယျာဉ်ခြံသီးနှံများ မြေဆီတိုးခြင်း၊ သဘာဝပတ်ဝန်းကျင်များအတွက် ထိခိုက်မှုလျှော့ချပေးနိုင်ခြင်းများ ဝယ်ယူသုံးစွဲသူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့နှင့် ပူးပေါင်း၍လည်း ရန်ကုန်တိုင်း၊ နေပြည်တော် နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် သဘာဝမြေသြဇာ + ဓာတ်မြေသြဇာ ပူးတွဲအသုံးပြုသည့် စံပြကွက်များပြုလုပ်၍ တောင်သူပညာပေးပွဲများ ပြုလုပ်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ သဘာဝမြေသြဇာထုတ်လုပ်မှုအခြေအနေ

| စဉ် | မြေသြဇာအမျိုးအစားများ | လျာထားထုတ်လုပ်မှု | ထုတ်လုပ်မှု |
|---|---|---|---|
| ၁။ | သဘာဝမြေသြဇာ (၅၀ kg/bag) | ၁၅၀၀ | ၁၁၂၅ |
| ၂။ | ဘိုင်အိုချာ (25Kg)/bag | ၃၀၀၀ | ၂၂၂၆ |
| ၃။ | ရွက်ဖျန်းအားဆေး | ၁၀၀၀ | ၂၅၁၉ |
| ၄။ | စပါးခွံပေါင်းခံရည် | ၂၀၀၀ | ၂၀၆၃ |



သဘာဝမြေသြဇာပူးတွဲအသုံးပြုထားသည့် စံပြစိုက်ကွင်း မှတ်တမ်းဓါတ်ပုံ

## ဓါတ်မြေသြဇာ လှူဒါန်းထောက်ပံ့ပေးခြင်းနှင့် Export Zone အကောင်အထည်ဖော်ဆောင်ရွက်ခြင်း




တိုက်ကြီးမြို့နယ်၌ Export Zone ဖော်ဆောင်နိုင်ရေး ဆွေးနွေးစည်းရုံးခြင်း



တောင်သူများမှ Export Zone နှင့်ပတ်သက်၍ ပူးပေါင်းဆွေးနွေးခြင်း



တက်ရောက်ဆွေးနွေးပေးသော တောင်သူများ၏ဓါတ်ပုံမှတ်တမ်း



တောင်သူများအား ဓါတ်မြေသြဇာများလှူဒါန်းထောက်ပံ့ပေးခြင်း



ဒလမြို့နယ်၌ Export Zone ဖော်ဆောင်နိုင်ရေး ကွင်းဆင်းစည်းရုံးခြင်း



တွံတေးမြို့နယ်၌ Export Zone ဖော်ဆောင်နိုင်ရေးကွင်းဆင်းစည်းရုံးခြင်း



ဒလမြို့နယ်၌ Export Zone ဖော်ဆောင်နိုင်ရေး ကွင်းဆင်းစည်းရုံးခြင်း

## Natural Fertilizer Production

MAPCO initiated its Natural Fertilizer Production Program in 2022 to recycle by-products from rice milling, oil milling, and livestock operations while supporting sustainable farming practices. By 2024–2025, under the My Nature brand, MAPCO expanded its product portfolio to include foliar fertilizers, rice husk-based soil conditioners, biochar, and Vermicompost produced at the Maubin factory for commercial distribution.

Products are distributed through multiple channels, including wholesale to fertilizer companies, retail outlets, and direct sales to farmers.

MAPCO actively collaborates with farmers to improve soil health, reduce environmental impact, and promote sustainable agriculture. In partnership with the Department of Agriculture and the Myanmar Rice Federation, demonstration plots combining natural and chemical fertilizers have been established in Yangon, Nay Pyi Taw, and Ayeyarwady regions, complemented by farmer training programs.











# နွားမွေးမြူရေးလုပ်ငန်း

နွားမွေးမြူရေးလုပ်ငန်းအား ကုမ္ပဏီ၏သဘာဝမြေဩဇာလုပ်ငန်းအတွက် လိုအပ်သောကုန်ကြမ်းများ ရရှိနိုင်ရန်နှင့် နွားမွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများအတွက် Cattle Hostel များဖွင့်လှစ်၍ နွားများ အငှားလက်ခံပြုစုဆောင်ရွက်ရန်အတွက် နေပြည်တော်၊ မြောင်းမြ၊ မအူပင်မြို့နယ်များ၌ ၂၀၂၂ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ နွားမွေးမြူလုပ်ငန်းမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့်အချိန်မှစ၍ နွားအကောင်အရေ တဖြည်းဖြည်းတိုးပွားကာ မွေးမြူလာနိုင်ပြီး အဆောက်အဦးများ၊ အစာစနစ်များအား စနစ်တကျဖြစ်အောင်တိုးတက်လုပ်ဆောင်ခဲ့ပါသည်။



၂၀၂၄-၂၀၂၅ ခုနှစ် နွားမွေးမြူရေးလုပ်ငန်း

| စဉ် | မြို့နယ် | နွားကောင်ရေ |
|---|---|---|
| ၁။ | နေပြည်တော် | ၇၇ |
| ၂။ | မြောင်းမြ | ၅၃ |
| ၃။ | မအူပင် | ၆၁ |
| | စုစုပေါင်း | ၁၉၁ |

## Cattle Farming

In 2022, the company began cattle farming in Nay Pyi Taw, Myaungmya, and Maubin townships to support organic fertilizer production and offer Cattle Hostels for livestock rental and care. Since then, cattle numbers have grown steadily, and infrastructure and feeding systems have been systematically upgraded to ensure efficiency and sustainability.







# နိုင်ငံတော်သံဃာမဟာနာယက သံဃာတော်အရှင်မြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO Group) နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်း၍ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ မတ်လ (၁) ရက်နေ့မှ (၅)ရက်နေ့အထိ ကျင်းပခဲ့သော အဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ အပါအဝင် သံဃာတော် အပါး (၃၅၀) အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆပ်ကပ် လှူဒါန်းပြီး၊ ဝတ္ထုငွေ နှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချတရားတော်နာခြင်းများကို ဝန်ထမ်းများ၏ ဘာသာသာသနာရေးရာ ဆောင်ရွက်ချက်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

## Offering alms and donations to 350 National Venerable Sayardaws (Buddhist Monks)



At the 8th National Central Sangha Service Committee Seventh Meeting held at Thirimingala Kabar Aye Ground from March 1st to 5th, jointly organized by Myanmar Agricultural Business Public Company Limited (MAPCO Group) and Myanmar Rice Federation(MRF), 350 monks, including the State Sangha Mahanayaka Sayadaws, were given morning alms, midday alms, and donations of money and items of worship were made, as well as the recitation of the Dhamma by the employees.



# ငလျင်ဘေးသင့်ဒေသများသို့ လုပ်အားပေးသွားရောက်ကူညီခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် မြေငလျင်ကြောင့် သဘာဝဘေးသင့်ဒေသများမှ ပြည်သူများအတွက် ကူညီရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ MRF Operation AID(Action of Disaster) ဦးဆောင်မှုဖြင့် MYF လူငယ်များနှင့် ပူးပေါင်း၍ (၁.၄.၂၀၂၅) ရက်နေ့မှ (၃.၄.၂၀၂၅) ရက်နေ့အထိ MAPCO မှ volunteer များအဖြစ် ကူညီဆောင်ရွက်ခဲ့ပါသည်။

















# Dispatch of Volunteer Teams to Earthquake Disaster Zones

On 28 March 2025, an earthquake occurred in the central region of Myanmar, impacting several communities. To support the affected populations, MAPCO volunteers participated in the relief operations led by the Myanmar Rice Federation (MRF) under the Operation AID (Action of Disaster) initiative, in collaboration with MYF youth members. The volunteer activities were carried out from 1st April 2025 to 3th April 2025, providing essential assistance to the disaster-affected areas.


















MRF






SCANIA


M-YF
MYANMAR YOUTH FELLOWSHIP
MRF

# ရန်ကုန်စီးပွားရေးတက္ကသိုလ် နှင့် LoA လက်မှတ် ရေးထိုးခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် MAPCO တို့အကြား ပညာရေးကိစ္စရပ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (University Industry Partnership) အတွက် နှစ်ဖက်သဘောတူညီကြောင်း စာချုပ်ကို(၂၆.၆.၂၀၂၅)ရက်နေ့တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရွာသာကြီးနယ်မြေတွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ထိုကဲ့သို့ လက်မှတ်ရေးထိုးထားခြင်းဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား/သူများ၊ ဘွဲ့ရများအား လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရန်သော်လည်းကောင်း၊ ကုမ္ပဏီအတွင်း လိုအပ်လျက်ရှိသော ဝန်ထမ်းများ ခန့်အပ်နိုင်ရန်အတွက်သော်လည်းကောင်း နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးဖြစ်ထွန်းစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ပါသည်။




## Signing Ceremony of Letter of Agreement with Yangon University of Economics

On 26 June 2025, MAPCO and Yangon University of Economics signed a Letter of Agreement (LoA) at the university campus in Ywar Thar Gyi Township. The agreement formalizes the University–Industry Partnership, aiming to collaborate on educational initiatives and employment opportunities.

The signing of this agreement aims to create long-term mutual benefits for both parties. It enables students and graduates from Yangon University of Economics to gain practical workplace experience, while also allowing MAPCO to appoint qualified personnel as needed within the company. This initiative is intended to foster sustained collaboration and mutual growth between the university and the company.

# ၂၀၂၅–၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းသား/သမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်အနေဖြင့် ရုံးချုပ်နှင့်ရုံးခွဲများရှိ ဝန်ထမ်းမိသားစုများအတွက် လူမှုရေး၊ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လူမှုအထောက်အကူပြု လုပ်ငန်းများကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၅-၂၆ ပညာသင်နှစ်အတွက် ရုံးချုပ်နှင့် ရုံးခွဲများမှ ဝန်ထမ်းသား/သမီးများအား ၎င်းတို့ ပညာသင်ကြားနေသော အတန်းအလိုက် ပညာသင်ထောက်ပံ့ကြေးများ နှင့် ကျောင်းသုံးပစ္စည်းများအား ဇွန်လတွင် ရုံးချုပ်၊ နေပြည်တော်၊ မအူပင်စက်ရုံ၊ မြောင်းမြစက်ရုံများတွင် ပေးအပ်ခဲ့ပါသည်။

မြောင်းမြစက်ရုံ (Myaungmya Factory)



မအူပင်စက်ရုံ (Maubin Factory)



နေပြည်တော် (Nay Pyi Taw Factory)




## Educational Assistance Program for Employees' Children – 2025–26

As Myanmar Agribusiness Public Company Limited (MAPCO), the company continues to provide social, educational, and health-related support to the families of employees at both the Head Office and branch offices to the best of its capacity .For the 2025–26 academic year, MAPCO distributed educational grants and school supplies to employees' children according to their grade levels. These were provided in June 2025 at the Head Office, Nay Pyi Taw Office, Maubin Factory, and Myaungmya Factory.

# MRF Gala Dinner တွင် MAPCO ကိုယ်စားပြုလူငယ်အဖွဲ့ဝင်ရောက် ယှဉ်ပြိုင်ခြင်း

(၂၄.၁.၂၀၂၅) ရက်နေ့၊ဝန်ကြီးများရုံးတွင် ကျင်းပသည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ ဂုဏ်ပြုညစာ စားပွဲ (MRF Gala Dinner)တွင် အသင်းချုပ်၏ အသင်းဝင်ကုမ္ပဏီများမှ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲအစီအစဉ်များတွင် ကုမ္ပဏီအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ MAPCO ကိုယ်စားပြု အသက် ၂၅ နှစ်အောက် လူငယ်အဖွဲ့အနေဖြင့် "Team 25" အမည် ဖြင့် ဝင်ရောက် ဖျော်ဖြေယှဉ်ပြိုင်ခဲ့ကြသည်။




## Participation of MAPCO Youth Team in the MRF Gala Dinner Competition

On 24 January 2025, during the Gala Dinner of the Myanmar Rice Federation (MRF), held in conjunction with its Annual General Meeting at the Ministers' Office, member companies of the Federation participated in various entertainment and competition programs. Representing MAPCO, a youth group under the age of 25 participated in the event under the team name "Team 25."



# ရုံးတွင်း Activity အဖြစ် MAPCO Potluck 2025 ပြုလုပ်ယှဉ်ပြိုင်ခြင်း

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်မတိုင်မီ (၁၀.၄.၂၀၂၅) ရက်နေ့တွင် ရုံးချုပ်ရှိ ဝန်ထမ်းမိသားစုများအား အဖွဲ့များအလိုက် ကိုယ်စီဟင်းလျာများချက်ပြုတ်၍ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အတူတကွ စုပေါင်းစားသောက်၍ ရင်းနှီးချစ်ခင်စွာ ဖြတ်သန်းခဲ့ကြပါသည်။










## Office Activity: MAPCO Potluck 2025

On 10 April 2025, prior to the Myanmar New Year (Thingyan) office holidays, employees and their families at the Head Office participated in a friendly cooking competition organized by teams. Each team prepared their own dishes, and everyone enjoyed the meal together, fostering camaraderie and a warm, friendly atmosphere.

## လူမှုဖူလုံရေး နယ်လှည့်ဆေးကုသခြင်းအစီအစဉ်ဖြင့် ကျန်းမာရေး ဆွေးနွေးကုသခြင်း

(၇.၇.၂၀၂၅) ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာန၊လူမှုဖူလုံရေး နယ်လှည့်ဆေးကုသခြင်း အစီအစဉ်ဖြင့် MAPCO ရုံးချုပ်ရှိ ဝန်ထမ်းများအား ကျန်းမာရေး ဆွေးနွေးကုသခြင်း၊ လိုအပ်သည့် ဆေးဝါးများပေးဝေခြင်း၊ ဆေးစစ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




## Mobile Social Security Health Check-Up and Treatment Program

On 7 July 2025, under the Ministry of Labor's Social Security Mobile Medical Program, health consultations and treatments were provided to employees at the MAPCO Head Office. The program included medical check-ups, distribution of necessary medications, and health consultations to ensure the well-being of staff members.

## ဝန်ထမ်းထောက်ပံ့ကြေးငွေပေးအပ်ခြင်း

မြန်မာနိုင်ငံလယ်ယာစီပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO) ရုံးချုပ်နှင့် ရုံးခွဲများတွင် ၂၀၂၄ ခုနှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ဝန်ထမ်းများ၏ လုပ်သက်သတ်မှတ်ချက်အလိုက် သာရေး၊ နာရေးနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ထောက်ပံ့မှုအမျိုးအစား | ဝန်ထမ်းဦးရေ | စုစုပေါင်းထောက်ပံ့ငွေပမာဏ |
|---|---|---|---|
| ၁။ | မီးဖွားခြင်း | ၁ | ၅၀,၀၀၀/- |
| ၂။ | နာရေးကူညီခြင်း (မိသားစုဝင်များကွယ်လွန်ခြင်း) | ၁၃ | ၁,၇၀၀,၀၀၀/- |
| ၃။ | နုတ်ထွက်ခြင်း/အငြိမ်းစားယူခြင်းတို့အတွက်ထောက်ပံ့ခြင်း | ၇ | ၁၁,၃၀၀,၀၀၀/- |
| | စုစုပေါင်း | ၂၁ | ၁၃,၀၅၀,၀၀၀/- |

## Employee Welfare Support

The status of providing social, funeral, and support funds to employees of the Myanmar Agribusiness Public Company Limited (MAPCO), both at the head office and branch offices, in accordance with their years of service, for the period from July 2024 to July 2025, is as follows.

| No | Type of Support | No of Employee | Total Amount |
|---|---|---|---|
| 1. | Maternity Pay | 1 | 50,000 |
| 2. | Funeral Allowance | 13 | 1,700,000 |
| 3. | Resignation/Retirement Benefits | 7 | 11,300,000/- |
| | **Total** | | **13,050,000/-** |

## ဒါရိုက်တာအဖွဲ့ ဦးစီးရုံး၏ အဓိကတာဝန်များ

ဒါရိုက်တာအဖွဲ့ ဦးစီးရုံးကို လုပ်ငန်းလိုအပ်ချက်အရ (၂၂.၁၁.၂၀၂၄) ရက်နေ့မှ စတင်ဖွဲ့စည်းပြီး အောက်ပါတို့ကို ဦးစားပေးတာဝန်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်-

- MAPCO Group ၏ရည်မှန်းချက်များ အောင်မြင်ရေး ဦးစီးဆောင်ရွက်ခြင်း
- ဒါရိုက်တာအဖွဲ့မှချမှတ်သော လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း
- Corporate Governance မူဝါဒများ အကောင်အထည်ဖော်ခြင်း
- ဆုံးဖြတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို မှတ်တမ်းတင်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း
- လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ ဆွေးနွေးမှုများကို စီစဉ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း
- သတ်မှတ်ချိန်အတွင်း အောင်မြင်စွာပြီးစီးရန် ပေါင်းစပ်ညှိနှိုင်းခြင်း
- အဖွဲ့အစည်းဖွံ့ဖြိုးရေး (Organizational Development) ကို ဖော်ဆောင်ခြင်း
- စီမံရေးရာလုပ်ငန်းများ၊ ရုံးလုပ်ငန်း အထောက်အကူပြုဝန်ဆောင်မှုများအား ဆောင်ရွက်ခြင်း
- လုပ်ငန်းဆောင်ရွက်မှုများ အချိန်မီပြီးစီးရန် တွန်းအားပေးခြင်း

## Key Responsibilities of the Department of Directors & Corporate Administration

- Lead the successful achievement of MAPCO Group’s objectives
- Oversee the implementation of business plans approved by the Board of Directors
- Implement Corporate Governance policies
- Record and review decisions and operational procedures
- Organize and document coordination meetings and discussions
- Facilitate integration and coordination to ensure timely completion of tasks
- Promote Organizational Development
- Plan, execute and support administrative operations and office works
- Drive and ensure timely completion of business activities

# လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အခြေအနေအစီရင်ခံတင်ပြခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်သည် ရုံးချုပ်နှင့် ရုံးခွဲ/လုပ်ငန်းခွဲများ ဖွင့်လှစ်ထားရှိပြီး၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအထိ ခန့်ထားခဲ့သည့် ဝန်ထမ်းအင်အားကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | ဝန်ထမ်းအရေအတွက် |
|---|---|---|
| ၁။ | အကြံပေး | ၃ |
| ၂။ | MRBO | ၁၅ |
| ၃။ | ရုံးချုပ် | ၁၂၆ |
| ၄။ | တွံတေး Project | ၁၄ |
| ၅။ | တိုက်ကြီး Project | ၁၃ |
| ၆။ | နေပြည်တော် | ၅၄ |
| ၇။ | မြောင်းမြ | ၁၀၇ |
| ၈။ | မအူပင် | ၄၁ |
| ၉။ | MAPCO Golden Lace | ၅ |
| ၁၀။ | NEW STORE HO + Office | ၁၄ |
| ၁၁။ | NEW STORE Shops | ၁၅ |
| | စုစုပေါင်း | ၄၀၇ |

| Age Group | Total | % |
|---|---|---|
| 18-35 | 136 | 33% |
| 36-45 | 98 | 24% |
| 46-55 | 121 | 29% |
| 56 -65 | 45 | 11% |
| 66 and above | 7 | 1.7% |
| Total | 407 | |




## Report on Human Resources

Myanmar Agribusiness Public Company Limited (MAPCO) operates both a Head Office and multiple branch/business offices. The staffing levels maintained across these offices as of November 2025 are summarized below:

| No | Office / Branch / Unit | No of employee |
|---|---|---|
| 1. | Consultant | 3 |
| 2. | MRBO | 15 |
| 3. | Head Office | 126 |
| 4. | Twantay Project | 14 |
| 5. | Taikkyi Project | 13 |
| 6. | NayPyitaw | 54 |
| 7. | Myaung Mya | 107 |
| 8. | Maubin | 41 |
| 9. | MAPCO Golden Lace | 5 |
| 10. | NEW STORE HO + Office | 14 |
| 11. | NEW STORE Shops | 15 |
| | Total | 407 |

# ဘဏ္ဍာရေးနှင့်စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း

ဘဏ္ဍာရေးနှင့် ငွေစာရင်းစစ်ဆေးခြင်းလုပ်ငန်းများအတွက် "Thaung Aye Audit & Associates" အဖွဲ့အား External Audit အဖြစ် တာဝန်ပေးအပ်၍ ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။ MAPCO ၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို သီးခြားစာအုပ်ဖြင့် ပြုစုတင်ပြထားပါသည်။ Website တွင် download ရယူနိုင်ရန် စီစဉ်ထားရှိပါသည်။ ဘဏ္ဍာရေးရှင်းတမ်း၏ကောက်နုတ်ချက်(Financial Highlights) ကို ကုမ္ပဏီစတင်တည်ထောင်သည့်နေ့မှစ၍ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်အထိ အစုရှယ်ယာရှင်များ အလွယ်တကူ လေ့လာနိုင်ရေးအတွက် အောက်တွင် ကောက်နုတ်ဖော်ပြထားပါသည်။

**MAPCO Financial Highlight (Kyats In Billion)**

| Financial Year | 2019 | 2019-2020 | 2020-2021 | 2021-2022 | 2022-2023 | 2023-2024 | 2024-2025 |
|---|---|---|---|---|---|---|---|
| Paid up Capital | 23.34 | 23.34 | 23.34 | 23.34 | 24.16 | 24.16 | 24.16 |
| Revenue | 12.03 | 24.93 | 18.37 | 16.26 | 26.31 | 27.42 | 109.02 |
| Expenses | 11.85 | 27.49 | 21.00 | 17.91 | 32.20 | 27.37 | 108.02 |
| Profit & Loss | 0.18 | (2.56) | (2.63) | (1.65) | (4.66) | 0.04 | 1.00 |
| Current Assets | 40.17 | 29.98 | 33.32 | 33.69 | 22.51 | 33.99 | 42.75 |
| Non Current Assets | 68.67 | 72.52 | 74.41 | 73.96 | 88.54 | 98.04 | 119.03 |
| Current Liabilities | 14.32 | 10.76 | 13.14 | 11.60 | 12.13 | 26.33 | 49.12 |
| Non Current Liabilities | 55.12 | 55.65 | 60.99 | 64.92 | 71.60 | 78.35 | 85.98 |
| Total Assets | 108.84 | 102.50 | 107.73 | 107.65 | 111.06 | 132.03 | 161.78 |

( Note:MAPCO Only - not including the subsidiaries / JVs )

Annual Revenue

| | Revenue(Billion) |
|---|---|
| 2019 | 12.03 |
| 2019-2020 | 24.93 |
| 2020-2021 | 18.37 |
| 2021-2022 | 16.26 |
| 2022-2023 | 26.31 |
| 2023-2024 | 27.42 |
| 2024-2025 | 109.02 |



Annual Revenue & Expenditure

| | Revenue | Expenses |
|---|---|---|
| 2019 | 12.03 | 11.85 |
| 2019-2020 | 24.93 | 27.49 |
| 2020-2021 | 18.37 | 21.00 |
| 2021-2022 | 16.26 | 17.91 |
| 2022-2023 | 26.31 | 32.20 |
| 2023-2024 | 27.42 | 27.37 |
| 2024-2025 | 109.02 | 108.02 |







Capital

| | Paid up Capital |
|---|---|
| 2019 | 23.34 |
| 2019-2020 | 23.34 |
| 2020-2021 | 23.34 |
| 2021-2022 | 23.34 |
| 2022-2023 | 24.16 |
| 2023-2024 | 24.16 |
| 2024-2025 | 24.16 |

Remark: MMK in Billion

Total Assets

| | Total Assets |
|---|---|
| 2019 | 108.84 |
| 2019-2020 | 102.5 |
| 2020-2021 | 107.73 |
| 2021-2022 | 107.65 |
| 2022-2023 | 111.06 |
| 2023-2024 | 132.03 |
| 2024-2025 | 161.78 |

Remark: MMK in Billion



**Head Office:** No.100, Corner of Wardan Street & Kan Nar Street,
Wardan Port Area, Seikkan Township, Yangon, Myanmar.
Phone: (+95-1) 2301652~53, 2301825~26
Email: info@mapco.com.mm, admin@mapco.com.mm
FB page: https://www.facebook.com/MAPCO.MYANMAR

**Nay Pyi Taw Office:** Plot No.1699, Mezali Gon Village, Pyinmana Township,
Nay Pyi Taw, Myanmar.